

သင်္ဆိ တစ်ရစ် မြတ်တစ်ရစ်
ဝတ္ထုတိုများ
ဿ
<အင်ကြင်း>

# မိတ်ဆက်စကား

အစားကောင်းလေး စားရလျှင် အချစ်ဆုံးသူကို သတိရသည်၊ အချစ်ဆုံးသူကို လက်တို့ ခေါ်တတ်ကြသည်။

စာကောင်းတစ်ပုဒ် ဖတ်လိုက်ရလျှင်လည်း ရေးဖော်အချင်းချင်း လက်တို့ ပြောကြရသည်။ သတင်းစကား ဖြန့်ဝေတတ်ကြသည်။

တစ်ချိန်တုန်းက အမျိုးသမီး စာရေးဆရာများ ၏ ဝတ္ထုများ ဖောင်းဖောင်းပွပွ ဖြစ်ခဲ့ဖူးသည်။ ဝေဖန်ရေးဆရာများကလည်း ပွင့်ပွင့်လင်းလင်း ရေးသားဝေဖန်ကြသည် ။ ထိုကာလပတ်ဝန်းကျင်အတွင်း မှာ ပင် တောကျေးလက်ဆန်ဆန် အမျိုးသမီးကလောင်ရှင်တစ်ဦး၏ ဝတ္ထုတိုလေးတစ်ပုဒ်ကို စတင်ဖတ်လိုက်မိသည်။

တစ်ပုဒ်ဆို ဆိုသလောက်ပင် ရင်ထဲမှာ ထိခိုက်စွဲလမ်းသွားရသည် ။ ထိုအခါက စ၍ ထွက်လာသမျှ မဂ္ဂဇင်းစာအုပ်များ တွင် သူ့ကလောင်နာမည်ကို ရှာဖွေ ဖတ်ရှုခဲ့ရသည်။ ဖတ်ရတိုင်း ဖတ်ရတိုင်း အစားကောင်းတစ်လုတ် စားလိုက်သောအခါ လျှာမှာ အရသာတွေ့ထိ ခံစားရသကဲ့သို့၊ သူ့ဝတ္ထုလေးများကို ဖတ်လိုက်ရတိုင်း နှလုံးသားမှာ တစ်စုံတစ်ရာ ခံစားခဲ့ရလေသည်။

သူ့စာတစ်ပုဒ် ဖတ်လိုက်ရတိုင်း အနီးဆုံး စာရေးသူများကို လက်တို့ ပြောရသည် မှာ လည်း အကြိမ်ပေါင်းများ စွာပင်။

မိမလက်တို့ ပြောမိသူအားလုံးကလည်း 'ဟုတ်တယ်ဗျ ကောင်းတယ်၊ ဟုတ်တယ်ဗျ ကောင်းလိုက်တာ' ဆိုသည့် အဖြေစကားများကို ကြားခဲ့ရသည် ။ ဘယ်အချိန် ဘယ်အခါတွင် လုံးချင်းဝတ္ထုများကြီးရေးသား၍ အမျိုးသမီး စာပေနယ်မှာ ထိုးဖောက်ထွက်လာလိမ့်မည်လဲဟု မျှော်လင့်ခဲ့မိသည် ။

သို့သော် လုံးချင်းဝတ္ထုဖြစ်လည်း ထိုးဖောက်ထွက်မလာ၊ ရေးနေကျ မဂ္ဂဇင်းများမှာ လည်း သူ့ဝတ္ထုတိုများကို မတွေ့ရတော့။

ကလောင်တစ်ချောင်း အမှတ်မထင် ပျောက်ကွယ်သွားသည် မှာ ကြာပါပြီ ... ကြာပါပြီ။

*****

ဟော ... အခု လက်တို့ ပြောရမည့် အမျိုးသမီးကလောင်တစ်ချောင်း ပေါ်ပေါက်လာခဲ့ပြန်ပါပြီ။

မဂ္ဂဇင်း စာမျက်နှာများ ပေါ်တွင် သူ့ဝတ္ထုတိုများ မကြာခဏ တွေ့တွေ့လာရသည် ။ သူ့ဝတ္ထုတိုင်းတွင် အတွေးအခေါ်ရင့်ကျက်စွာ တည်တည်ငြိမ်ငြိမ် ဖွဲ့နွဲ့တင်ပြနေခြင်းကို ဖတ်ရှုခံစားလာရသည် ။

သူ့ဝတ္ထုတိုလေးတွေကို ကြိုက်နှစ်သက်လာတော့ ရေးဖော်ရေးဘက်များကို လက်တို့ ခဲ့ရပြန်သည် ။

သူကားအမျိုးသမီးစာရေးဆရာမ သျှီ ( အင်ကြင်း) ပင်ဖြစ်လေသည် ။

*****

အကြောင်းအားလျော်စွာ အမျိုးသမီး စာရေးဆရာမကလေး သျှီ (အင်ကြင်း) နှင့်သိကျွမ်းခင်မင်လာခဲ့သည် ။

သျှီ(အင်ကြင်း) သည် ဂါရဝေါစ၊ နိဝါတောစနှင့် ပြည့်စုံသူ အမျိုးသမီးတစ်ဦးဖြစ်ကြောင်းလေ့လာသိရှိခဲ့ရသည် ။

သျှီ (အင်ကြင်း) သည် အထည်ကုန်သည် ကြီးတစ်ဦး၏ တစ်ဦးတည်းသော သမီးကလေးဖြစ်သည် ။ သူ့ဘဝတွင် လိုအင်ဆန္ဒဟူ၍ စာဖတ်ခြင်းနှင့် စာရေးလိုသော အာသာဆန္ဒများ သာ ရှိလေသည် ။

သူ့တွင် ဒေါသ, မာန မရှိ။ သင်္ဂဟတရား ၄-ပါးနှင့် ပြည့်စုံသူ တစ်ဦးဖြစ်သည် ဟု ဆိုလျှင် သူ့အပေါ် သိနားလည်လောက်ပါပြီ။

သူသည် စာကဗျာကို ချစ်သူဖြစ်သည် ။ စာရေးသူ၊ ကဗျာရေးသူတို့ ကိုကြည်ညိုလေးစားသည် ။ သူကိုယ်တိုင်လည်း သိက္ခာရှိသော စာရေးဆရာမကြီးတစ်ဦးဖြစ်ချင်သည် ။ သူသည် တိမ်မြုပ်ပျောက်ကွယ်သွားမည့် ကလောင်တစ်ချောင်းမဟုတ်။ ပွဲလယ်တင့်တင့် ထွက်ပေါ်လာမည့် ကလောင်ရှင်တစ်ဦးဖြစ်အောင် ကြိုးစားအားထုတ်နေသူတစ်ဦးပင် ဖြစ်သည် ။

သူသည် ရွှေကိုမမက်၊ ငွေကိုမမက်၊ ရာထူးဂုဏ်ရှိန် ကိုမမက်။ စာပေကိုမက်မောသူ၊ စာပေဂုဏ်ကို မက်မောသူတစ်ဦးသာဖြစ်သည် ကြိုးစားအားထုတ်နေသူဖြစ်သည် ။

ဤတွင် ရသစာပေ အဖွဲ့နှင့်ပက်သက်၍ ရေးလူတို့ ၏ အဆိုအမိန့်များကို အနည်းငယ် တင်ပြလိုသည် ။

ရသစာပေဝတ္ထုဟူသော အဖွဲ့၌ အင်္ဂါရပ်ငါးမျိုး ရှိအပ်ကြောင်း -

၁။ ဇာတ်လမ်း

၂။ ကာလဒေသပတ်ဝန်းကျင်

၃။ လူ့သဘာဝအဖွဲ့

၄။ ဘဝပြဿနာအထွေထွေ

၅။ သရုပ်ဖော်အဖွဲ့တို့ ဖြစ်ကြောင်း

**( မင်းယုဝေ)**

*****

စာပေသည် လူအများ ဖတ်ဖို့ ရေးသည် ဖြစ်ရာ အများ နားလည်အောင်ရေးသားရပေမည်။

အဓိပ္ပာယ်ဖော်မရ လူတိုင်းဖတ်၍ နားမလည်သော စာပေများမှာ စာပေပညာ၌ မလိမ္မာဘဲ ဝါကိအရေးအသား ရှုပ်ထွေးခြင်းကိလိဋ္ဌ ဒေါသနှင့်ရောပြွမ်းခြင်း၊ ဗျာကိဏ္ဏ ဒေါသသင့်သော စာပေ များ ဖြစ်ပေသည် ။ လူတိုင်း နားလည်သော စာပေများမှာ သန့်ရှင်း ကြည်လင် ပြတ်သားခြင်း ဟူသော ပသာဒဂုဏ်မြောက်သော စာပေများ ဖြစ်ပေသည် ။

**( မာန်အောင်ပီယ)**

*****

ဝတ္ထု(သို့မဟုတ်) ဇာတ် Story

ဝတ္ထုဆိုသည် မှာ လူတို့ ၏ တွေ့ကြုံမှုတစ်စိတ်တစ်ဒေသကို လူဦးရေ များ နိုင်သမျှ အများ ဆုံးက စိတ်ဝင်စား၍ လက်ခံနိုင်လောက် အော

င် စာလုံးများ ဖြင့်ဖြစ်စေ၊ ရုပ်ပုံများ ဖြင့်ဖြစ်စေ ဖော်ပြထားချက် ဖြစ်သည် ။

လူတို့ ၏ အတွေ့အကြုံနှင့် သက်ဆိုင်မှုမရှိလျှင် ဝတ္ထုဟု မခေါ်နိုင်။ လူတို့ ၏ အတွေ့အကြုံသည် အများအားဖြင့် ပြည့်စုံခြင်းမရှိသော်လည်း ဝတ္ထုဖြင့် ဖော်ပြအပ်သော တွေ့ကြုံမှု တစ်စိတ်တစ်ဒေသသည် ပြည့်စုံခြင်းရှိရမည်။

အစရှိ၍ အဆုံးမရှိသော တွေ့ကြုံမှုသည် ဝတ္ထုမဖြစ်နိုင်။ ထိုနည်းအတိုင်းပင် အဆုံးသာရှိ၍ အစမရှိသော တွေ့ကြုံမှုသည် လည်း ဝတ္ထုမဖြစ်နိုင်။ ဝတ္ထုတစ်ခုသည် တစ်ခုသောအကြောင်းဖြင့် တစ်နေရာတွင် စ၍ ထိုအကြောင်းဖြင့်ပင်လျှင် တစ်နေရာတွင် ဆုံးရမည်။ ဝတ္ထုတစ်ခု၏ အစနှင့်အဆုံးအတွင်း၌ ဝတ္ထု၏ ပင်ကိုအကြောင်းနှင့် မသက်ဆိုင်သော အပ (အာဂန္တုက)အကြောင်းများ မပါနိုင်။

ဝတ္ထုတစ်ခုတွင် အစနှင့်အဆုံးရှိရမည်ဟု အတိုချုံး၍ ပြောသော်လည်း ယေဘုယျအားဖြင့် ဝတ္ထုတစ်ခုတွင် (၁) အစ (၂) အလယ် (၃ )အဆုံးဟု အင်္ဂါသုံးရပ်ရှိသည် ။

ထိုအင်္ဂါသုံးရပ်ကိုပင်တစ်မျိုးအားဖြင့် အခင်း၊ အခက်၊ အဖြေဟု ခေါ်ဆိုနိုင်သည် ။

**(သခင်ဘသောင်း)**

*****

သျှီ (အင်ကြင်း) ၏ ဝတ္ထုများ သည် ဇာတ်ရုပ်ပေါ်လွင်သော ဝတ္ထုများဖြစ်ကြောင်းဖတ်ရှုလေ့လာရသည် ။

မြန်မာစာပေနှင့်ပက်သက်၍ လမ်းညွှန် ထောက်ပြကြသော စာပေ ပညာရှင်ကြီးများ ၏ အဆိုအမိန့်များ နှင့် လိုက်လျောညီထွေရှိကြောင်း လေ့လာဖတ်ရှုရသည် ။

ယခု သျှီ (အင်ကြင်း)က သူ၏ ဝတ္ထုတိုများကိုပေါင်းစည်း၍ 'သန္တာတစ်ရစ် မြတစ်ရစ်' အမည်ဖြင့် ဝတ္ထုတိုပေါင်းချုပ် ထုတ်ဝေရန် ပြင်ဆင်သောအခါ ထိုဝတ္ထုများ နှင့် ပက်သက်၍ မိတ်ဆက်အမှာ စာ ရေးပေးပါရန် မေတ္တာရပ်ခံလာသည် ။

ဝတ္ထုကောင်းတစ်ပုဒ် ဖတ်မိတိုင်း၊ ရေးဖော်များကို လက်တို့ လေ့ရှိနေသော မိမိအဖို့ သျှီ (အင်ကြင်း) ၏ ဝတ္ထုတိုများ နှင့် ပက်သက်၍ မိတ်ဆက်အမှာ စာ ရေးပေးရန် ဝန်မလေးတော့ပါ။

'သန္တာတစ်ရစ် မြတစ်ရစ်' ဝတ္ထုတိုပေါင်းချုပ်တွင် ပါဝင်သော ဝတ္ထုတိုများမှာ လည်း အပြစ်ဒေါသများကင်းစင်၍ ပသာဒဂုဏ်မြောက်သော ဝတ္ထုတိုများ ဖြစ်ကြောင်းစာဖတ်သူများ ဖတ်ရှုပြီးဖြစ်ကြပါလိမ့်မည်။

မဂ္ဂဇင်းစာမျက်နှာများ တွင် သျှီ (အင်ကြင်း) ဟူသော ကလောင်သည် နေရာရထားပြီး၊ နေရာယူထားပြီးဖြစ်ရာမိမိက အထူးတလည် မိတ်ဆက်စာ၊ မိတ်ဆက်စကား ရှည်ရှည်ဝေးဝေး ရေးသားရန် လိုအပ်မည်လည်း မထင်မိပါ။

သူရေးသော ဝတ္ထုများက သူ့အား မိတ်ဆက်ပေးပြီးဖြစ်နေလိမ့်မည်ဟု ယူဆမိပါသတည်း။

**လေးမြိုင့်**
**၂၀၀၂ - ခုံ၊မေလ ၅- ရက်**

# ချောင်းနံဘေးက ရွာကလေး

ကောင်းကင်သည် အလွမ်းမင်းသမီးတစ်ယောက်လို ငိုတော့မလို့ ညို မှောင်နေသည် ။ ယမန်နေ့က တစ်နေ့လုံးတစ်ညလုံးမိုးသီးမိုးပေါက်တွေ ရွာသွန်းဖြိုးထားသည် ကိုအားမရသေးဟန် ပြင်နေသည် ။ ခြိမ်းသည့်မိုး မရွာ ဆိုသကဲ့သို့ အညာမိုးသည် မခြိမ်းလေဘဲ ရွာသွန်းဖြိုး တတ်သော သဘောရှိလေ၏။

အဘညိုသည် ချောင်းနဖူးထိပ် ကုန်းမို့မို့ပေါ်ရှိ သမုန်းပင်ကြီး အော က်မှ နေ၍ ဝန်းကျင်တစ်ခုသို့ ငေးမျှော်ကြည့်နေသည် ။ မိုးရွာသည် ကို သူသဘောကျပါသည် ။ သို့သော် မိုးကို ဆည်မြောင်းချောင်းကန် ပြည့် လျှံဖြိုးအောင် ‘ရွဲ’ လုံးမျှလောက် မိုးပေါက်ကိုတော့ မသွန်းဖြိုးစေလိုပါ။ ဆည်မြောင်းချောင်းကန် အသင့်အမှန် တိုးစေဖို့ ‘ပုလဲ’ လုံးမျှသာ ရွာစေ ချင်ပါ၏။ မိုးပုလဲကြောင့် ဝန်းကျင်တစ်ခို စိမ်းစိုစေလို၏။ သူ့နှမ်းခင်းပျို လေးလည်း အောင်မြင်စေလို၏။ သူထိန်းကျောင်းနေသော ဆိတ်အုပ်အ တွက် ရွက်နုများ ဝေစေလို၏။

သို့သော် သူတို့ ရွာမှာ လူများ စုကတော့ မိုးလုံးရွဲမျှ ရွာစေချင်မှာ အ မှန်ပင်ဖြစ်လိမ့်မည်ဆိုတာ အဘညိုသိနေသည် ။ ချောင်းနံဘေးမှာ မေး တင်တည်ထားသော သူတို့ ရွာကလေးသည် မိုးလုံးရွဲမျှ ရွာ၍ ချောင်းရေကြီးလျှင် ဆိုင်းမဆင့် ပွဲမခံဘဲ တကယ့်ပွဲတော်ကြီး ဖြစ်သွား တတ်သည် ။ ရွာထိပ်ကချောင်းကလေးသည် အမှန်တကယ်တော့သဲ

ချောင်းပြင်ကြီးသာ ဖြစ်သည် ။ ချောင်းအထက်ပိုင်း မိုးကောင်း၍ ချောင်းရေလျှံလျှင် ငြိမ်သက်နေသော သဲချောင်းသည် ပဋ္ဌလက်အတတ်ဖြင့် ဖန်ဆင်းလိုက်သလို ရေစီးသန်သောချောင်းကြီး ဖြစ်လာသည် ။ ချောင်းကို ကန့်လန့်ဖြတ်ဖောက်ထားသော ကားလမ်းမပေါ်မှာ မည်သည့်ကားမှ ဖြတ်မမောင်းဝံ့တော့ချေ။ ချောင်း၏ ထိပ်တစ်ဖက်တစ်ချက်မှာ ကားတန်းရှည်ကြီးတွေ ချောင်းရေအကျကို စောင့်ဆိုင်းရတော့၏။

ဤသို့သောအခါမျိုးတွင် ရွာသားတွေပွဲတော်တွေ့ပြီး ရတနာပုံဆိုက်လေပြီ။ ကြီးလတ်ငယ် အရွယ်မရွေး ရွာသားအချို့ချောင်းပြင်သို့ ထွက်လာကြသည် ။ လမ်းဘေးက ထမင်းဆိုင်တွေ လက်ဖက်ရည်ဆိုင်တွေ ဈေးရောင်းကောင်းသည် ။ ဈေးတင်ကောင်းသည် ။ ခေါင်းရွက် ဗျပ်ထိုးဈေးသည် တွေလည်း မနားရတော့။ ယောက်ျားပျိုအချို့က ကားဆွဲမလား။ ကားတွန်းမလား၊ လမ်းပြပေးမယ်ဟူသော ဈေးခေါ် သံတွေ ကားတန်းရှည်အနီးမှာ ဆူညံနေသည် ။ ချောင်းရေစပ်သွားလျှင် တော့ရေတိုက်စား၍ ပျက်သွားသော သဲလမ်းပေါ်တွင် လမ်းအလုပ် သမားအချို့နှင့် အတူ ရွာသားအချို့ ပေါက်ပြားကိုယ်စီကိုင်ကာ ဆင်းသွားကြသည် ။ ဖြတ်သွားသောကားများ ပေါ်မှ ပစ်ချပေးသော ငွေကြေး များကို အလုအယက်ကောက်ယူကြမည်။

ချောင်းသည် လမ်းကိုသာပျက်စီးစေသည် မဟုတ်။ ရွာသားတို့ ၏ စိတ်ဓာတ်ကိုပင် ဖျက်ဆီးပစ်လေပြီတည်း။ အဘညိုတို့ ငယ်စဉ်ကလို စေတနာဖြင့် ကူညီမှုတွေ ကွယ်ပျောက်နေပြီ။ ဖိုးသူတော်မျက်စိလည် တော့ ဆန်များများ ရသည် ။ ရွာနံဘေးက ချောင်းကလေး ရေလျှံတော့ ရွာသားတွေ ငွေများများ ရသည် ။

အဘညိုတို့ ရွာမှာ မည်သည့်အရပ်ဒေသတွင် မှ မရှိသော အကြွေး စနစ် တစ်ခုရှိသည် ။ 'ရေလာပေး'တဲ့ ။ သူများ တွေလို ပဲပေါ်၊ နှမ်းပေါ်ပေး မဟုတ်။ ချောင်းရေလာမှ ပေးဆပ်ရမည့်ရေလာပေး ကြွေးဖြစ်လေ၏။

အဘညိုသည် ကောင်းကင်မည်းမည်းကို မော်ကြည့်လိုက်သည် ။ မရွာပါနဲ့ တော့မိုးရယ်။ ရွာရင်လည်း မိုးပုလဲမျှသာ ရွာပါလေတော့။ ယမန်နေ့က မိုးကြောင့်ပင် ရွာသားတွေ ချောင်းထိပ်မှာ စုရုံးနေတာ လှမ်းမြင်ရသည် ။ အဘညိုသည် ရင်မောစွာပင် သက်ပြင်းချရင်း သမုန်းပင်အောက်မှာ ထိုင်ချ လိုက်လေ၏။

*****

အဘညိုသည် ဤချောင်းနံဘေး ရွာငယ်လေးမှာ ပင် မွေးဖွားခဲ့သည် ။ ချောင်းရေထဲမှာ မြူးထူးဆော့ကစားရင်း သဲအိမ်ကလေးတွေဆောက်ကစားရင်း ကြီးပြင်းခဲ့သည် ။ ချောင်းထဲမှာ ကစားရင်း ကားတစ်စီးတလေဖြတ်သွားလျှင် အော်ဟစ်နှုတ်ဆက်ကြသည် ။ သဲ ချောင်းမှာ နစ်သောကားကို တွေ့လျှင် ဝိုင်းဝန်းတွန်းပေးခြင်းဖြင့် ကူညီသည် ။ထိုစဉ်က ဤလမ်းကိုဖြတ်သန်းသော ကားတွေလည်း ယခုလို မများ သေးပေ။ ကူညီခဲ့သော အဘညိုတို့ ၏ ရင်တွင်းမှာ လည်း ငွေကြေးရယူလိုမှု မပါဝင်သော စေတနာတွေသာရှိခဲ့၏။ အဘညို အရွယ်ရောက်လာတော့ လမ်းကုသိုလ်ယူကာ လမ်းအလုပ်သမားတွေနှင့်အတူ လမ်းပြင်လုပ်အားပေးခဲ့ကြသည် ။ ယခုလူငယ်များ လက်ထက်တွင် စေတနာ မေတ္တာတွေ ခန်းခြောက်ကုန်ပြီလား။ အယူမရှိသော အကူအညီပေးမှုတွေ ကွယ်ပျောက်ကုန်ပြီလား။ အရာရာကိုငွေနှင့် တန်ဖိုးထားကာ တိုင်းတာတတ်နေပြီ

လား။ ဒါတွေကို အစဉ်အလာ ကြီးတစ်ခုလို မျိုးဆက်သစ်တွေတိုင်အောင် ပွားများ မသွားစေချင်တာ အဘညို၏ ဆန္ဒအမှန်ဖြစ်ပါ၏။

'အဖေ ထမင်းစားမယ်'

သမီးဖြစ်သူ မယ်ထွေး၏ အသံကြောင့် အဘညိုအတွေးရပ်သွားသည် ။ အဘညိုသည် သောက်လက်စ ဆေးလိပ်တိုကို မီးငြိမ်းသတ်ပြီး ထမင်းဝိုင်းသို့လာသည် ။ ငရုတ်သီးရဲရဲဖြင့် ဆီပြန်ချက်ထားသော အမဲသားဟင်းတစ်ခွက်၊ ဘူးညွန့်ဟင်းချိုနှင့် သရက်ချဉ်သုပ် ပန်းကန် များကိုကြည့်ပြီး ထမင်းပိုဆာသွားသလိုပင်။ အသင့်ရှိနေသော လက်ဆေးဇလုံမှာ လက်ကိုနှစ်ရုံသာဆေးပြီး ထမင်းစားရန်ပြင်ပြီးမှ

'ဘယ်သွားကုန်ကြသလဲဟ'

သူ့သမက် ထွန်းညွန့်နှင့် မြေးနှစ်ယောက်ကိုမေးမှန်း မယ်ထွေး သိသည် ။

'ကိုထွန်းညွန့် ချောင်းထဲက ပြန်မလာသေးဘူး။ ကလေးနှစ်ယောက်လည်း အဲဒီမှာ ပဲထင်ပါရဲ့ ။

'အေးပေါ့လေ ငွေစကလေးက ရှင်နေတော့အံ့ကျော်ရဲ့ အရက်ဆိုင်မှာ အရည်လေးသောက်လိုက်၊ အမြည်းလေးစားလိုက်နေမှာပေါ့'

'အဖေကလည်း ဟိုမှာ အလုပ်လုပ်နေတဲ့ ဟာကို ၊ဒီအချိန်လေးကြိုးစားလုပ်ထားမှ ပေါ့'

မယ်ထွေး၏ လေသံက သူ့မ၏ လင်ကို အပြစ်တင်တာကို မကြိုက်သလိုလို။ အဘညိုသည် ဘာမှ ထပ်မပြောတော့ဘဲ ထမင်းစားလိုက်သည် ။ သူ့ဘဝက သမီးနှင့် သမက်ကို မှီခိုနေရသူဖြစ်၍ သိပ်မပြော ချင်။

ပြီးတော့ သူ့ရင်ထဲက ဆန္ဒတွေကို စကားလုံးစီ၍ ထုတ်ဖော်မပြောတတ်ပေ။ ကျောင်းဆရာလေး ကိုဇော်အောင်ကတော့ ပြောတတ်သည် ။ သို့သော်ရွာသားတွေက ကျောင်းဆရာလေး၏ စကားကို မနာယူတတ်ကြပေ။ ကွယ်ရာမှာ နှုတ်ခမ်းပင်မဲ့ကြသေး၏။

'အမေရေ ... အမေ'

သူထမင်းစားနေဆဲမှာ ပင် မြေးနှစ်ကောင် အိမ်ဝိုင်းထဲ ပြေးဝင်လာသည် ။

'အမလေး ကျော်သူအောင်နဲ့ စန္ဒာရယ်၊ နင်တို့ များ ထမင်းမေ့၊ဟင်းမေ့'

မယ်ထွေးကပြောသည် ။ အဘညိုပြုံးမိသည် ။ တောကနာမည်တွေကိုရေးကလို မယ်ထွေး၊ မယ်အေးလို့ မမှ ည့်ကြတော့။ ခေတ်မီ ကုန်ပြီ။ ခေတ်မီဆို ခေတ်ပေါ်ဗီဒီယိုကားတွေက တောရောမြို့ပါ ပျံ့နှံ့နေပြီကိုး။ ဗီဒီယိုတွေကြောင့် ရွာထဲမှာ ကောင်းကျိုးဆိုးကျိုးတွေ ဒွန်တွဲဝင်လာသည် ။ ဝတ်စားဆင်ယင်မှုမှာ ပင် လေဘေးပုံထဲက စကတ်တွေ၊ ဘောင်းဘီတွေ ဝယ်ဝတ်တတ် လာပြီ။ တောနှင့်မြို့ တူလုနီးပါး တူညီနေပြီ။

'ရော့ ... အမေသုံးရာ့သုံးဆယ်ရတယ်၊ သုံးဆယ်က ကျုပ်ညကျ ဗီဒီယိုကြည့်ဖို့ ယူထားမယ်'

ကျော်သူအောင်က လက်ထဲမှာ လိပ်ကျစ်ထားသော ငွေစက္ကူ အချို့ကို မယ်ထွေးကိုပေးသည် ။ မယ်ထွေးက ငွေများကို ရေတွက်ယူရင်း

'ဗီဒီယိုတစ်ကား တစ်ဆယ်ပဲပေးရတာ ဘာကိစ္စ သုံးဆယ်ယူထားတာလဲ'

'ဒီည အလင်းပေါက်သုံးကားဗျ'

ကျော်သူအောင်က ပြောပြီ လက်မဆေးဘဲ ထမင်းဝိုင်းဝင်ထိုင်သည် ။ စန္ဒာကလည်း ဝင်ထိုင်သည် ။ မယ်ထွေးက ဘာမှ မပြောတော့ဘဲ ငွေများကို အင်္ကျီရင်ဘတ်ထဲ သွင်းလိုက်သည် ။ အဘညိုသည် ထမင်းစားခြင်းကို လက်စသတ်ကာ စောစောချထားသော ဆေးလိပ်တိုကို မီးညှိဖွာရှိုက်ရင်းကလေးနှစ်ယောက်ကို အကဲခတ်ကြည့်သည် ။ ကလေးများ သည် ထမင်းကိုမြိန်ရေရှက်ရေ စားနေတာ အားကျစရာ။ အာဟာရသည် သူတို့ ၏ ခန္ဓာကိုယ်နှင့်ကောင်းသော အသိဉာဏ်တွေပါ ဖွံ့ဖြိုးလျှင် မည်သူမျှကောင်းလေမည်နည်း။ အဘညို အတွေးနှင့်အတူ သက်ပြင်းချသည် ။ ကလေးနှစ်ယောက်က ထမင်းစားပြီးချောင်းဘက်သို့ ပြေးသွားပြန်၏။

မယ်ထွေးက ထမင်းဝိုင်းသိမ်းပြီးရေမလာခင် တစ်နေ့လုံး ယူစားထားသော အကြွေးစာရင်းကို တွက်ချက်နေသည် ။

'အိမ်း … တို့ ရွာသားတွေလည်း စိတ်ဓာတ်တွေ ပျက်စီးကုန်ပါပေါ့လား'

မနေနိုင်၍ နှုတ်မှ ဖွင့်ညည်းသည် ။ မယ်ထွေးက မျက်စောင်းထိုး ရင်း

'ခက်ပါလား အဖေရယ်'

မယ်ထွေးဆက်ပြောလျှင် 'လုပ်အားခ' ဆိုတာ ပါလာမည်။ ထွန်းညွန့်တို့ လုပ်တဲ့ လုပ်အားခဆိုတာ တန်ရာတန်ဖိုးမဟုတ်။ ကားနှင့် လူ၏ အခြေအနေကို ကြည့်ကာ တစ်ထောင်နှစ်ထောင် ဈေးခေါ်သော လုပ်အားခဖြစ်ကြောင်း သူတို့ နားလည်ပြီးသားပင်။

'ဒါကြောင့်၊ လူတွေက ပြောကြတာ၊ ဒီရွာသားတွေဟာ ရေမလာ ရင် သူတောင်းစား၊ ရေလာတော့ ဓားပြတဲ့ ၊ ထွီ … သူတို့ မို့ မရှက်တယ်'

မယ်ထွေး၏ မျက်စောင်းကို ကြောက်၍ နှုတ်ဖွင့်မပြောရဲတော့ပါ။ သည် ချောင်းနှင့် သည် ရွာသားတွေအတွက် ကောင်းသောပြောင်းလဲ ခြင်းတစ်ခုကိုသာ တိတ်တခိုးမျှော်လင့်မိပါ၏။

*****

မိုးလုံးပုလဲ၊ မိုးလုံးရွှဲတွေ ရပ်တန့်သွားလေပြီ။ မြောက်ပြန်လေသည် သူနှင့်အတူ ဆောင်းနှင်းပွင့်တို့ ကို သယ်ဆောင်လာခဲ့ပြီ။ ဘုံကထိန်ပွဲမှ အိုးစည်သံတွေ တိတ်သွားပြီ။ ရွာထဲမှ လူတွေလည်း စိတ်မပေါ့တပါဖြင့် တောင်သူလုပ်ငန်းကို ခြေဦးလှည့်လာကြသည် ။ အံ့ကျော်၏ အရက်ဆိုင်မှာ လူရှင်းစပြုလေပြီ။ အေးမေ၏ ထမင်းဆိုင်လည်း အရောင်းကျသွားပြီ။ ဒေါ်သုတ်၏ ကုန်စုံဆိုင်တစ်ခုသာ ရှေ့နှစ်ရေလာပေးကြွေးဖြင့် စည်ကားနေသည် ။ ဆောင်းနှင်းပွင့်၏ အအေးဒဏ် ကြောင့်သဲချောင်းသည် ဝပ်ဆင်းငြိမ်သက်သွားကာ မော်တော်ကားတွေ ချောမောစွာ မောင်းနှင်သွားလေပြီ။ သို့သော် ချောင်းလမ်း တစ်လျှောက် ပေါက်ပြားတစ်ဖက်ကိုင်လျက် မျှော်လင့်ချက်မျက်လုံးဖြင့် ရပ်နေသော ရွာသားအချို့ကို မြင်နေဆဲပင်တည်း။

အဘညိုသည် ချောင်းရိုးတစ်လျှောက် ထင်းခြောက်ကောက်ရင်းကျောင်းဆရာလေး ကိုဇော်အောင်ပြောပြသော 'စိတ်ဓာတ်' ဆိုတာသတိရလာပြန်၏။ အဘညိုတို့ ငယ်စဉ်ကတည်းက မှီခိုခဲ့သော ပတ်ဝန်းကျင်ကို ထိန်းသိမ်းခဲ့ကြသည် ။ တောထဲထင်းခုတ်လျှင်တောင်မှ အပင်သေ၊ အပင်ခြောက်တွေ ရွေးခုတ်ကြသည် ။ သစ်တစ်ပင်၏ တန်ဖိုးကိုနားလည်စွာ လွယ်လွယ်နှင့်မခုတ်လှဲရက်ကြပေ။ ဒါ စိတ်ဓာတ်ပဲလား။ အဘညိုသည် ထင်းခြော

က်များကို ပုဆိုးဟောင်းတစ်ထည်ဖြင့် စုစည်းရင်း သစ်ပင်ရိပ်တစ်ခု အောက်မှာ နားခိုရင်း မေးခနဲအိပ်ပျော်သွားသည် ။

အိပ်မက်ထဲမှာ သူသည် အသစ်တစ်ဖန်ပြန်လည်မွေးဖွားလိုက်သလို နုပျိုစေသည် ။ သန်မာထွားကျိုင်းနေသည် ။ သူသည် ပေါက်ပြားတစ်လက်ဖြင့်သဲချောင်းပြင်၏ လမ်းကြောကို ပြုပြင်နေသည် ။ ထိုစဉ် သူဒွေးတွေစီးသော ကားငယ်တစ်စီး ဖြတ်သွားသည် ။ သူသည် ချော မောစွာဖြတ်သန်းသွားသော ကားလေးကိုပီတိများ စွာဖြင့် ငေးမော ကြည့်နေစဉ် ကားပေါ်မှ အရာဝတ္ထုတစ်ခု ကျလာကာလေသံနှင့်အတူ လွင့်မျောလျက် သူ့ခြေရင်းသို့ရောက်လာသည် ။

'တစ်ထောင်တန် ငွေစက္ကူတစ်ရွက်ပါလား'

သူသည် ငွေစက္ကူကိုကောက်ယူရင်း အရှိန်ဖြင် ပြေးနေသော ကားကို အော်ဟစ်တားဆီးရင်း ပြေးလိုက်သွားသည် ။ ကားကသူတား တာကို ကြားသွားသလို ရပ်တန့်သွားသည် ။ ကားအနီးမှာ ရပ်ရင်းသူ မောနေသည် ။

'ဒါဘာလုပ်တာလဲ၊ ကျုပ် သူတောင်းစား မဟုတ်ဘူး ၊ ပြန်ယူသွား'

ငွေကို ကားထဲပစ်ထည့်လိုက်စဉ် မယ်ထွေးရောက်လာကာ သူ့ကိုရန်တွေ့သည် တဲ့ ။

သူမယ်ထွေးကိုစကားတွေအများကြီးပြောသည် ။ သူ့ရင်ထဲမှာ ထိန်းချုပ်ထားရသော စကားများ စွာကို အိပ်မက်ထဲမှာ ပြောချသည် ။ အပြင်မှာ စကားလုံးစီး၍ မပြောတတ်သော်လည်း အိပ်မက်ထဲမှာ ကရားရေလွှတ်ပြောတတ်လိုက်ပုံများ အံ့သြစရာပင်၊ သူ့နှုတ်ဖျားမှာ 'စိတ်ဓာတ်' ဆိုသော စကားလုံးတွေ များ စွာပါဝင်နေတာကိုတော့ သတိထားမိ၏။

‘စိတ်ဓာတ် … စိတ်ဓာတ် အရေးကြီးတယ်’

သူ့နှုတ်ဖျားက တတွတ်တွတ် ရေရွတ်ရင်း အိပ်ရာမှ လန့်နိုးလာတော့ နေမင်း၏ အပူရှိန်က သူ့မျက်နှာကို စူးရှစွာကျရောက်နေတာ သိရသည် ။ သူသည် အိပ်မက်ကို နှမြောသွားသည် ။ လှဲရာမှ ထကာ ထင်းခြောက်စည်းကို ထမ်းလျက် အိမ်သို့ပြန်လာခဲ့လေ၏။

*****

ချောင်းထိပ်မှာ ကားဝါဝါကြီးတွေ ခဏခဏလာသည် ။ သံတိုင် တွေ အုတ်တွေ စီပုံထားတာတွေ့ရသည် ။ ကျောင်းဆရာလေး ကိုဇော်အောင် ကတော့အပြောသား။

‘ ဒီချောင်းကြီးကိုဖြတ်ပြီး သံကွန်ကရစ်တံတားကြီးထိုးဖို့ စီမံချက် ချလိုက်ပြီ အဘညို့ရေ’

‘ဟုတ်ပ့ါမလား ဆရာလေးရယ်၊ ဒီလောက်ကျယ်တဲ့ ချောင်းကြီးကို တံတားထိုးနိုင်ပ့ါမလား’

သူက မယုံကြည်နိုင်သလို မေးသည် ။ ခေတ်အဆက်ဆက်က မတတ်နိုင်၍ သာ ဒီချောင်းဆိုးကြီး၏ ဒဏ်ကို ခံခဲ့ရသည် မဟုတ်ပါလား

‘အဘညို့ ချောင်းက တစ်ဖာလုံတောင်ကျော်လို့ လား၊ ဒီချောင်းမပြောနဲ့ ဧရာဝတီ၊ ချင်းတွင်းမြစ်တွေကိုတောင် ဖြတ်ပြီး တံတားရှည်ကြီးတွေ တည်ဆောက်ပြီးပြီပဲအဘရဲ့ ၊ အခုလည်း ဖြစ်နိုင်လို့ သံချောင်းတွေချနေပြီလေ၊ မကြာခင် ဒီချောင်းမှာ တံတားသစ်ကြီးပေါ်လာတော့မှာ ’

အဘညို့က ဆေးလိပ်ကိုခဲရင်းခေါင်းတဆတ်ဆတ်ညိတ်သည် ။ သူ့

အာရုံထဲမှာ ချောင်းကိုဖြတ်လျက် တံတားသစ်ကြီးကို မြင်ယောင်လာသည် ။ တံတားကြီးပြီးလျှင်တော့ တောင်ကျရေနှင့်အတူ ရွာသားတွေရဲ့ စိတ်ဓာတ်တွေပါ မျောပါပျောက်ကွယ်သွားမှာ သေချာသည် ဟု အဘညို ယုံကြည်မိလေ၏။

၂၀၀၀၊ မတ်လ

နိုင်ငံ့ဂုဏ်ရည်

*****